MAX MYANMAR MANUFACTURING CO., LTD

မြေရိယာ (၂၃၀) ကော
ထုံးကျောက်တူးဖော်ရေးလုပ်ငန်း

အောက်တိုဘာလ ၂၀၂၂ခုနှစ် မှ မတ်လ ၂၀၂၃ ခုနှစ်အထိ

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ(EMR)

HEXAGONAL ANGLE

INTERNATIONAL CONSULTANTS CO., LTD

မှပြင်ဆင်ရေးဆွဲသည်။



၂၈ရက်၊ ဇွန်လ ၂၀၂၃

မာတိကာ

ပုံစာရင်း ၄

နောက်ဆက်တွဲများ ၆

အခန်း (၁) နိဒါန်း ၇

၁.၁. ရည်ရွယ်ချက် ၈

၁.၂. စီမံကိန်းတည်နေရာနှင့် ပတ်ဝန်းကျင်အခြေအနေ ၁၁

အခန်း (၂) ပတ်ဝန်းကျင်အရည်အသွေးများစောင့်ကြပ်လေ့လာခြင်း ၁၃

၂.၁. ပတ်ဝန်းကျင်အရည်အသွေးများတိုင်းတာမှု ၁၃

၂.၂. လေထုအရည်အသွေး ၁၃

၂.၂.၁. လေထုအရည်အသွေးတိုင်းတာမှုနည်းစနစ် ၁၄

၂.၂.၂. လေအရည်အသွေးတိုင်းတာမှုရလဒ် ၁၇

၂.၂.၃. လေအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ၂၇

၂.၂.၄. သုံးသပ်ချက်နှင့်အကြံပြုချက် ၃၀

၂.၃. ဆူညံသံအရည်အသွေး ၃၁

၂.၃.၁. ဆူညံသံအရည်အသွေးတိုင်းတာမှုနည်းစနစ် ၃၁

၂.၃.၂. ဆူညံသံအရည်အသွေးတိုင်းတာမှုရလဒ်များ ၃၅

၂.၃.၃. ဆူညံသံအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ၃၇

၂.၃.၄. သုံးသပ်ချက်နှင့်အကြံပြုချက် ၄၁

၂.၄. တုန်ခါမှုအရည်အသွေး ၄၁

၂.၄.၁. တုန်ခါမှုအရည်အသွေးတိုင်းတာမှုနည်းစနစ် ၄၁

၂.၄.၂. တုန်ခါမှုအရည်အသွေးတိုင်းတာမှုရလဒ်များ ၄၅

၂.၄.၃. တုန်ခါမှုအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ၄၅

၂.၄.၄. သုံးသပ်ချက်နှင့်အကြံပြုချက် ၄၅

၂.၅. ရေထုအရည်အသွေး ၄၆

၂.၅.၁. ရေအရည်အသွေးတိုင်းတာမှုနည်းစနစ် ၄၆

၂.၅.၂. ရေအရည်အသွေးတိုင်းတာမှုရလဒ်များ ၄၈

၂.၅.၃. ရေအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ၅၀

၂.၅.၄. သုံးသပ်ချက်နှင့်အကြံပြုချက် ၅၀
၂.၆. မြေထုအရည်အသွေး ၅၁
၂.၆.၁. မြေထုအရည်အသွေးတိုင်းတာမှုနည်းစနစ် ၅၁
၂.၆.၂. မြေထုအရည်အသွေးတိုင်းတာမှုရလဒ်များ ၅၃
၂.၆.၃. မြေထုအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ ၅၅
၂.၆.၄. သုံးသပ်ချက်နှင့်အကြံပြုချက် ၅၅
၂.၇. အစိုင်အခဲစွန့်ပစ်အမှိုက်ဆိုင်ရာစီမံခန့်ခွဲမှု ၅၆
၂.၈. လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှု ၅၈
၂.၈.၁. ထိခိုက်ဒါဏ်ရာရရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ၅၉
၂.၈.၂. မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ် ၆၀
၂.၈.၃. လူထုအကျိုးပူးပေါင်းမှုအစီအစဉ် (Corporate Social Responsibility – CSR) ၆၂
၂.၈.၄. မကျေလည်မှုဖြေရှင်းရေးအဖွဲ့ ၆၃
၂.၈.၅. ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အတွက် လျာထားရန်ပုံငွေနှင့်
စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ ၆၄
အခန်း (၃) နိဂုံး ၆၅

ပုံစာရင်း

ပုံ ၁-၁ စီမံကိန်းတည်နေရာပြမြေပုံ ၁၂
ပုံ ၂-၁ လေထုအရည်အသွေးတိုင်းတာသည့်နေရာပြမြေပုံ ၁၅
ပုံ ၂-၂ လေထုအရည်အသွေးတိုင်းတာခြင်း ၁၆
ပုံ ၂-၃ စီမံကိန်းဧရိယာတွင်လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ ၁၈
ပုံ ၂-၄ အောင်နန်းချိုကျေးရွာတွင်လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ ၁၉
ပုံ ၂-၅ တဲကြီးကုန်းကျေးရွာတွင်လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ ၂၀
ပုံ ၂-၆ စီမံကိန်းဧရိယာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်း ၂၈
ပုံ ၂-၇ စီမံကိန်းဧရိယာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်း ၂၈
ပုံ ၂-၈ အောင်နန်းချိုကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်း ၂၉
ပုံ ၂-၉ အောင်နန်းချိုကျေးရွာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်း ၂၉
ပုံ ၂-၁၀ တဲကြီးကုန်းကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်း ၃၀
ပုံ ၂-၁၁ တဲကြီးကုန်းကျေးရွာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်း ၃၀
ပုံ ၂-၁၂ ဆူညံသံတိုင်းတာခဲ့သည့်နေရာပြမြေပုံ ၃၃
ပုံ ၂-၁၃ ဆူညံသံတိုင်းတာသည့်စက် ၃၄
ပုံ ၂-၁၄ ဆူညံသံအရည်အသွေး တိုင်းတာခြင်း ၃၅
ပုံ ၂-၁၅ စီမံကိန်းဧရိယာရှိ နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ် ၃၈
ပုံ ၂-၁၆ စီမံကိန်းဧရိယာရှိ ညအချိန်အသံဆူညံမှုနှုန်းပြဂရပ် ၃၈
ပုံ ၂-၁၇ အောင်နန်းချိုကျေးရွာတွင်နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ် ၃၉
ပုံ ၂-၁၈ အောင်နန်းချိုကျေးရွာတွင်ညအချိန်အသံဆူညံမှုနှုန်းပြဂရပ် ၃၉
ပုံ ၂-၁၉ တဲကြီးကုန်းကျေးရွာ တွင်နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ် ၄၀
ပုံ ၂-၂၀ တဲကြီးကုန်းကျေးရွာတွင် ညအချိန်အသံဆူညံမှုနှုန်းပြဂရပ် ၄၀
ပုံ ၂-၂၁ တုန်ခါမှုအရည်အသွေးတိုင်းတာခဲ့သည့်နေရာပြမြေပုံ ၄၃
ပုံ ၂-၂၂ စီမံကိန်းအတွင်း တုန်ခါမှုအရည်အသွေးတိုင်းတာပုံများ ၄၄
ပုံ ၂-၂၃ ရေနမူနာတိုင်းတာခဲ့သည့်နေရာ ၄၇
ပုံ ၂-၂၄ ရေပူချောင်းတွင်ရေနမူနာကောက်ယူနေပုံများ ၄၈
ပုံ ၂-၂၅ မြေနမူနာကောက်ယူသည့်နေရာ ၅၂
ပုံ ၂-၂၆ မြေနမူနာကောက်ယူနေပုံများ ၅၃
ပုံ ၂-၂၇ စီမံကိန်းဧရိယာအတွင်းတွင်အမှိုက်များစီမံသိမ်းဆည်းပုံမှတ်တမ်း ၅၈
ပုံ ၂-၂၈ လုပ်သားများကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းပုံ ၅၉
ပုံ ၂-၂၉ မော်တော်ကားနှင့်စက်ကိရိယာများပြုပြင်ထိန်းသိမ်းရေးမှတ်တမ်း ၆၁
ပုံ ၂-၃၀ လူထုအကျိုးပူးပေါင်းမှုအစီအစဉ်တွင်ပါဝင်မှုများ ၆၃

ဇယားစာရင်း

ဇယား ၁-၁ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှု တိုင်းတာရေးအစီအစဉ် (Environmental quality monitoring programme) ၉

ဇယား ၂-၁ ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု ၁၃

ဇယား ၂-၂ လေထုအရည်အသွေးတိုင်းတာခဲ့သည့် နေရာ ၁၄

ဇယား ၂-၃ စီမံကိန်းဧရိယာတွင်လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ ၂၁

ဇယား ၂-၄ အောင်နန်းချိုကျေးရွာတွင် လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ ၂၃

ဇယား ၂-၅ တဲကြီးကုန်းကျေးရွာတွင် လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ ၂၄

ဇယား ၂-၆ ဆူညံသံအရည်အသွေးတိုင်းတာခဲ့သည့် နေရာ ၃၂

ဇယား ၂-၇ နေ့အချိန်ဆူညံသံတိုင်းတာရရှိခဲ့သည့် ရလဒ် ၃၆

ဇယား ၂-၈ ညအချိန်ဆူညံသံတိုင်းတာရရှိခဲ့သည့် ရလဒ် ၃၆

ဇယား ၂-၉ တုန်ခါမှုတိုင်းတာခဲ့သည့် နေရာများ ၄၂

ဇယား ၂-၁၀ တုန်ခါမှုအရည်အသွေးရလဒ်များ ၄၅

ဇယား ၂-၁၁ ရေနမူနာကောက်ယူခဲ့သည့်နေရာ ၄၆

ဇယား ၂-၁၂ ရေအရည်အသွေးတိုင်းတာမှုရလဒ် ၄၉

ဇယား ၂-၁၃ FAO မှ မြေ၏ ချဉ်ဖန်ကိန်း စံနှုန်းသတ်မှတ်ချက် ၅၄

ဇယား ၂-၁၄ အောင်နန်းချိုကျေးရွာတွင် တိုင်းတာရရှိခဲ့သောမြေအရည်အသွေးရလဒ် ၅၄

ဇယား ၂-၁၅ တောင်ဖီလာဒေသတွင်တိုင်းတာရရှိခဲ့သောမြေအရည်အသွေးရလဒ် ၅၅

ဇယား ၂-၁၆ လူမှုတာဝန်သိမှုအစီအစဉ်အတွက် လှုဒါန်းမှုများ ၆၂

ဇယား ၂-၁၇ မကျေလည်မှုဖြေရှင်းရေးအဖွဲ့၏ ဖွဲ့စည်းပုံ ၆၃

ဇယား ၂-၁၈ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အတွက် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ ၆၄

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က) လေထုအရည်အသွေးရလဒ် .....
နောက်ဆက်တွဲ (ခ) လေအရည်အသွေးတိုင်းတာသည့်စက်၏ Calibration Report.....
နောက်ဆက်တွဲ (ဂ) ရေအရည်အသွေးရလဒ် .....
နောက်ဆက်တွဲ (ဃ) ဆူညံသံအရည်အသွေးတိုင်းတာသည့်စက်၏ Calibration Report.....
နောက်ဆက်တွဲ (င) ရေအရည်အသွေးတိုင်းတာသည့်စက်၏ Calibration Report .....

အခန်း (၁)
နိဒါန်း

Max Myanmar Manufacturing ကုမ္ပဏီလီမိတက် (Max ဘိလပ်မြေစက်ရုံ) သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများအနက် တစ်ခုဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ တောင်ဖီလာဒေသ၊ ခန့်မှန်းမြေပုံညွှန်း၊ ၉၄အေ/၆ဗွီ (၈၈၇ ၆၈၂) ဝန်းကျင် မြေဧရိယာ (၂၃၀) ဧကရှိ ထုံးကျောက်အကြီးစားလုပ်ကွက်သည် Max ဘိလပ်မြေစက်ရုံ အတွက် လိုအပ်သော ထုံးကျောက်ကုန်ကြမ်းများကို ထုတ်လုပ်လျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်ပြီး ၎င်းလုပ်ငန်းကို တာဝန်ယူစီမံခန့်ခွဲသူမှာ ဒါရိုက်တာ ဦးဖိုးဇော် (ခ) ဦးဇော်ဇော်ဖြစ်ပါသည်။

၎င်း စက်ရုံ သည် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ တောင်ဖီလာထုံးကျောက်သိုက်မှ ထုံးကျောက်ကုန်ကြမ်းများကို တူးဖော်၍ လိုအပ်သည့် ကုန်ကြမ်းများဖြင့်ရောစပ်ကာ စနစ်တကျ ထုတ်လုပ်သည့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်း ဖြစ်ပြီး ထုံးကျောက်ကုန်ကြမ်း တစ်လလျှင် တန်ချိန် (၃၅၀၀၀ - ၄၀၀၀၀) ထုတ်လုပ်လျက်ရှိသည်။ ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းတွင် ထုံးကျောက်တူးဖော်ခြင်း၊ သန့်စင်ခြင်း၊ ကုန်ကြမ်းများ အား ကြိတ်ခြေခြင်း၊ ကုန်ချောထုတ်ပိုးခြင်း လုပ်ငန်းစဉ်နှင့် အခြားသောလုပ်ငန်းစဉ်တို့ ပါဝင်ပါသည်။ ထိုထုံးကျောက် ထုတ်လုပ်ရေးလုပ်ငန်း လည်ပတ်ခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေရန်၊ သဘာဝ ပတ်ဝန်းကျင် အရင်းအမြစ် ဂေဟစနစ်များ မထိခိုက်စေရန်နှင့် လူမှုပတ်ဝန်းကျင်ကို အနှောက်အယှက်မဖြစ်စေရန်အတွက် ကုမ္ပဏီအနေဖြင့် ထုံးကျောက်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာကို လုပ်ငန်းမဆောင်ရွက်မီမှာ ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

Max Myanmar Manufacturing Co., Ltd မှ ထုံးကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ရေးဆွဲခဲ့သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စက်တင်ဘာလ၊ ၁၄ ရက်၊ ၂၀၂၁ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၆ လ တစ်ကြိမ် ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရန် လမ်းညွှန်ခဲ့ ပါသည်။ ထိုကြောင့် Max Myanmar Manufacturing Co., Ltd အနေဖြင့် ၂၀၂၁ခုနှစ်၊ အောက်တိုဘာလမှ မတ်လ အထိ ပထမအကြိမ် (၆) လပတ် ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာအား တတိယအဖွဲ့အစည်း ဖြစ်သော ဟက်ဇာဂွန်နယ်အန်ဂယ်လ် နိုင်ငံတကာ အကြံပေးများ ကုမ္ပဏီလီမိတက် (Hexagonal Angle International Consultants Co., Ltd) ကို ငှားရမ်း၍ စတင်ရေးဆွဲတင်ပြခဲ့ပါသည်။ ဟက်ဇာဂွန်နယ်အန်ဂယ်လ် (HA) ကုမ္ပဏီလီမိသည် ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ပြင်ဆင်ရေးဆွဲရာတွင် အတည်ပြုထားသော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP)တွင် ဖော်ပြခဲ့သည့် စောင့်ကြပ်ကြည့်ရှုရမည့် အစီအစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အပြင် ပတ်ဝန်းကျင်ထိခိုက်မှု

ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် (၁၀၉) နှင့် အညီ ရေးဆွဲပြုစုခဲ့ပါသည်။ ယခု ရေးသားသော (၆) လပတ် ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ မတ်လ အထိ တတိယအကြိမ်မြောက် ဖြစ်သည်။

ထုံးကျောက်ထုတ်လုပ်ရေးစီမံကိန်းဧရိယာအတွင်း လေထုနှင့် ဆူညံသံတို့ကို တိုင်းတာခြင်း၊ တုန်ခါမှုတိုင်းတာခြင်း၊ မြေပေါ်ရေနမူနာ ကောက်ယူခြင်း၊ မြေနမူနာကောက်ယူခြင်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး စီမံခန့်ခွဲမှု၊ အရေးပေါ်အခြေအနေ တုံ့ပြန်မှုနှင့် လုထုအကျိုး ပူးပေါင်းပါဝင်မှု စသည့် လုပ်ဆောင်ထားရှိမှု အခြေအနေများ လေ့လာခြင်း တို့ကို ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ ၁၉ရက်နေ့အထိ လုပ်ဆောင်ခဲ့ပါသည်။ ထို့ပြင် လေထုအရည်အသွေးကို OCEANUS-AQM-09 စက်ကိရိယာဖြင့် တိုင်းတာခြင်း၊ အသံအရည်အသွေးအား BENETECH GM-1356 digital sound level meter ဖြင့်တိုင်းတာခြင်း၊ မြေထုအရည်အသွေးတိုင်းတာရာတွင် 4 in 1 survey instrument ကို အသုံးပြု၍လည်ကောင်း၊ တုန်ခါမှုတိုင်းတာရာတွင် BENETECH Vibration Meter ဖြင့်လည်ကောင်း၊ ရေအရည်အသွေးကို နမူနာကောက်ယူခဲ့ပြီး Alarm Myanmar Ecological ခတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ခြင်း ဖြင့်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ပါသည်။ တိုင်းတာခဲ့သော စက်များ၏ Calibration Report ကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

၁.၁. ရည်ရွယ်ချက်

ဤပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ စက်ရုံအတွင်း ပတ်ဝန်းကျင် အရည်အသွေးများကို ဆန်းစစ် အကဲဖြတ်ရန် ဖြစ်သည်။ ထို့အပြင် ရရှိလာသော ဆန်းစစ်အကဲဖြတ်မှုများ အပေါ်မူတည်၍ စီမံကိန်းအဆိုပြုသူမှ လုပ်ငန်းဆောင်ရွက်ခြင်းများတွင် ပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေနိုင်သည့် အကြောင်းအရာများအား ရှောင်ရှားနိုင်ရန်နှင့် လျော့ချနိုင်ရန်တို့ကို ဆက်လက် ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။ ထို့အပြင် ရရှိလာသော ဆန်းစစ်အကဲဖြတ်မှုများ အပေါ်မူတည်၍ စီမံကိန်းအဆိုပြုသူမှ လုပ်ငန်းဆောင်ရွက်ခြင်းများတွင် ပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေနိုင်သည့် အကြောင်းအရာများအား ရှောင်ရှားနိုင်ရန်နှင့် လျော့ချနိုင်ရန်တို့ကို ဆက်လက် ဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။ ဤစောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၀၈)အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း (၆) လ တစ်ကြိမ် တင်ပြရန်ဖြစ်သည်။ ထို့ပြင် အတည်ပြုထားသော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP)တွင် တိုင်းတာဖော်ပြထားခဲ့သော ပတ်ဝန်းကျင် အရည်အသွေးများ၏ အခြေအနေကို စောင်ကြပ်ကြည့်ရှုရန် နှင့် ၆ လ တစ်ကြိမ်တိုင်းတာမှု ရလဒ်များအား တိုင်းတာမှုရလဒ်များအား နှိုင်းယှဉ်ရန်အတွက် ဖြစ်ပါသည်။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုတိုင်းတာရန် အရည်အသွေးများကို ဇယား ၁-၁ တွင် ဖော်ပြထားပါသည်။


ဇယား ၁-၁ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်အရည်အသွေးစောင့်ကြပ်ကြည့်ရှု တိုင်းတာရေးအစီအစဉ် (Environmental quality monitoring programme)

စဉ်	စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အချက်များ	စစ်ဆေးမည့် နေရာ	စစ်ဆေးမည့်ရည်မှန်းချက်	စစ်ဆေး မည့် ကြိမ်နှုန်း	တာဝန်ခံ	ခန့်မှန်း ကုန်ကျ စရိတ်	မှတ်ချက်
၁	လုပ်ကွက်အတွင်းမှ စွန့်ပစ်ရေ အရည်အသွေး (၂ နေရာ)	ဘုရားကုန်းရှိ စွန့်ပစ်မြေစာပုံ ၁၉° ၃၁' ၄၄.၃၇" N , ၉၆° ၂၄' ၃၁.၇၅ E, ၁၉° ၃၁' ၁၉.၂၈ N , ၉၆° ၂၄' ၂၃.၂၅ E	• စွန့်ပစ်မြေစာပုံမှ စွန့်ပစ်ရေအရည်အသွေး တိုင်းတာခြင်း။ • စွန့်ပစ်ပစ္စည်းများမှ စီးဆင်းရေတိုင်းတာခြင်း	(၆) လလျှင် တစ်ကြိမ်	ဦးပြည့်ဖြိုးဇရာနှင့် ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထားသော ဝန်ထမ်းများ၊ ပညာရှင်ငှားရမ်းမှု	၈၀၀,၀၀၀ ကျပ်	ပညာရှင် ငှားရမ်းမှု
၂	မြေပေါ်ရေ အသုံးချမှုနှင့် ရေစီးဆင်းမှု	ရေအရင်းအမြစ် ၁၉° ၃၁' ၈.၅၅" N , ၉၆° ၂၃' ၁၈.၅၅ E	• ရေအသုံးချမှုနှင့် ရေစီးဆင်းမှုကို တိုင်းတာခြင်း။	(၆) လလျှင် တစ်ကြိမ်	ဦးပြည့်ဖြိုးဇရာနှင့် ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထားသော ဝန်ထမ်းများ	အခမဲ့	ပညာရှင် ငှားရမ်းမှုမရှိပါ
၃	မြေပေါ်ရေ အရည်အသွေး (ရေဖူချောင်း)	မိုင်းအတွင်းမှ ထွက်လာသော ရေထု ၁၉° ၃၁' ၁၂" N , ၉၆° ၂၄' ၅.၆၃" E	• မြေပေါ်ရေအရည်အသွေး တိုင်းတာခြင်းနှင့် စစ်ဆေးခြင်း။ • WHO Guideline များနှင့်ကိုက်ညီမှုရှိမရှိ တိုင်းတာခြင်း။	(၆) လလျှင် တစ်ကြိမ်	ဦးပြည့်ဖြိုးဇရာနှင့် ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထားသော ဝန်ထမ်းများ၊ ပညာရှင်ငှားရမ်းမှု	၈၀၀,၀၀၀ ကျပ်	ပညာရှင် ငှားရမ်းမှု
၄	မြေအောက်ရေ အရည်အသွေး	ပေ အနက် (၁၀၀၀) ထိ တူးဖော်ရမည်ဖြစ်သောကြောင့် မြေအောက်ရေအသုံးပြုခြင်း မရှိပါ။					
၅	လေထုအရည်အသွေး	သက်ဆိုင်ရာကိုဩဒိနိတ်များ ၁၉° ၃၁' ၂၅" N , ၉၆° ၂၄' ၂၆" E ၁၉° ၃၁' ၅" N , ၉၆° ၂၄' ၁၂" E ၁၉° ၃၁' ၄၈" N , ၉၆° ၂၄' ၅" E	• လေထုအရည်အသွေးပြောင်းလဲမှုအား လေ့လာစောင့်ကြပ်ခြင်းနှင့် တိုင်းတာမှုပြုလုပ်ခြင်း။	(၆) လလျှင် တစ်ကြိမ်	ဦးပြည့်ဖြိုးဇရာနှင့် ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထားသော ဝန်ထမ်းများ၊ ပညာရှင်ငှားရမ်းမှု	၉၀,၀၀၀,၀၀၀ ကျပ်	ပညာရှင်ငှားရမ်းမှု

စဉ်	စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အချက်များ	စစ်ဆေးမည့် နေရာ	စစ်ဆေးမည့်ရည်မှန်းချက်	စစ်ဆေး မည့် ကြိမ်နှုန်း	တာဝန်ခံ	ခန့်မှန်း ကုန်ကျ စရိတ်	မှတ်ချက်
			• အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း။				
၆	ဆူညံသံနှင့် တုန်ခါမှုအရည်အသွေး	သက်ဆိုင်ရာကိုဩဒီနိတ်များ ၁၉° ၃၁' ၂၅" N , ၉၆° ၂၄' ၂၆" E ၁၉° ၃၁' ၅" N , ၉၆° ၂၄' ၁၂" E ၁၉° ၃၁' ၄၈" N , ၉၆° ၂၄' ၅" E	• ဆူညံသံအရည်အသွေးပြောင်းလဲမှုအား လေ့လာစောင့်ကြပ်ခြင်းနှင့် တိုင်းတာမှုပြုလုပ်ခြင်း။ • အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း	(၆) လလျှင် တစ်ကြိမ်	ဦးပြည့်ဖြိုးဇရာနှင့် ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထားသော ဝန်ထမ်းများ၊ ပညာရှင်ဌာနရမ်းမှူ	၁,၈၀၀,၀၀၀ ကျပ်	ပညာရှင် ဌာနရမ်းမှူ
၇	တိုက်စားမှုနှင့် အနည်ကျမှု	သက်ရောက်မှုရှိနိုင်သော ကိုဩဒီနိတ်များ ၁၉° ၃၁' ၄၄.၃၇" N , ၉၆° ၂၄' ၃၁.၇၅" E ၁၉° ၃၁' ၁၉.၂၈" N , ၉၆° ၂၄' ၂၃.၂၅" E	• တိုက်စားမှုများလေ့လာစောင့်ကြည့်ခြင်းနှင့် တိုက်စားမှုနှုန်းတွက်ချက်ခြင်း။	(၆) လလျှင် တစ်ကြိမ်	ဦးပြည့်ဖြိုးဇရာနှင့် ESMP အဖွဲ့ဝင်နှင့် လေ့ကျင့်ထားသော ဝန်ထမ်းများ	အခမဲ့	ပညာရှင် ဌာနရမ်းမှုမရှိပါ

၁.၂. စီမံကိန်းတည်နေရာနှင့် ပတ်ဝန်းကျင်အခြေအနေ

Max Myanmar Manufacturing Co.,Ltd ၏ ထုံးကျောက်ထုတ်လုပ်ရေး စီမံကိန်းဧရိယာသည် တောင်ဖီလာဒေသ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်တွင် တည်ရှိသည်။ စီမံကိန်းဧရိယာနေရာမှာ မြောက်လတ္တီကျူ ၁၉ဒီဂရီ၊ ၃၁မိနစ်၊ ၃၁.၄ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၆ ဒီဂရီ၊ ၂၄မိနစ်၊ ၃၃.၇ စက္ကန့် ဖြစ်သည်။ ၎င်းသည် အောင်နန်းချိုကျေးရွာ၏ အရှေ့မြောက်ဘက် ၁ မိုင် အကွာတွင် တည်ရှိပြီးတောင်ဖီလာတောင်၏ အနောက်ဘက်တွင်တည်ရှိသည်။ စီမံကိန်းနေရာသည် ရန်ကုန် -မန္တလေးလမ်းမကြီး၏ အရှေ့ဘက် ၁၀ မိုင်အကွာတွင်၊ နေပြည်တော်၏အရှေ့တောင်ဘက် ၂၅.၅ မိုင်အကွာနှင့် ရန်ကုန်မြို့၏မြောက်ဘက် ၁၇၈ မိုင်အကွာတွင်ရှိသည်။ ထို့အပြင် ထုံးကျောက်ထုတ်လုပ်ရေး စီမံကိန်းဧရိယာ၏ အနီးပတ်ဝန်းကျင်တွင် Max Myanmar Manufacturing Co., Ltd ၏ ဘိလပ်မြေထုတ်လုပ်သည့်စက်ရုံနှင့် NCDC ဘိလပ်မြေစက်ရုံ တို့ရှိပါသည်။ စီမံကိန်းတည်နေရာပြမြေပုံအား ပုံ ၁-၁ တွင်ဖော်ပြထားပါသည်။



ပုံ ၁-၁ စီမံကိန်းတည်နေရာပြမြေပုံ

အခန်း (၂)
ပတ်ဝန်းကျင်အရည်အသွေးများစောင့်ကြပ်လေ့လာခြင်း

၂.၁. ပတ်ဝန်းကျင်အရည်အသွေးများတိုင်းတာမှု

ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ စောင့်ကြပ်လေ့လာခြင်းအတွက် လေထုအရည်အသွေး၊ ဆူညံသံအရည်အသွေး၊ တုန်ခါမှုအရည်အသွေးနှင့် ရေအရည်အသွေးတို့ကို စီမံကိန်းဧရိယာ၊ အောင်နန်းချိုကျေးရွာနှင့် တဲကြီးကုန်းကျေးရွာအတွင်း တိုင်းတာခဲ့ပြီး စီမံခန့်ခွဲမှုအစီအစဉ်များကိုလည်း လေ့လာခဲ့ပါသည်။ ထိုအရည်အသွေးများကို တိုင်းတာခဲ့သည့် နည်းလမ်းများ၊ စက်ပစ္စည်းများနှင့် ရလဒ်များကို အောက်ပါ ဇယား ၂-၁ တွင် အသေးစိတ် ဖော်ပြထားပါသည်။

ဇယား ၂-၁ ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာမှု

စဉ်။	အမျိုးအစား	အရည်အသွေး	အရေအတွက်	ကြာချိန်	တိုင်းတာသည့် နည်းလမ်း/ စက်ပစ္စည်း အမျိုးအစား
၁။	လေအရည်အသွေး	$PM_{2.5}$, $PM_{10,}$ TSP, Temperature, Humidity, VOC, CO2, CO, $NO_{2,}$ O_3, SO_2, Air Pressure, Wind Speed and Wind Direction	၃	၂၄ နာရီ	OCEANUS-AQM-09 station
၂။	ဆူညံသံ အရည်အသွေး	LAeq (dB(A))	၃	၂၄ နာရီ	BENETECH GM-1356 digital sound level meter
၃။	ရေအရည်အသွေး	Hanna Instrument	၁	-	ALARM Ecological ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်း
၄။	တုန်ခါမှုအရည်အသွေး	BENETECH Vibration Meter	၃		
၅။	မြေထုအရည်အသွေး	4 in 1 soil survey instrument	၂		Soil lab ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်း

၂.၂. လေထုအရည်အသွေး


လေထုအရည်အသွေးတိုင်းတာခြင်းရည်ရွယ်ချက်မှာ စီမံကိန်းဧရိယာ၏ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် အသုံးပြုရသော စက်ယန္တရားများကြောင့် ဖြစ်ပေါ်လာသော လေထုအရည်အသွေးများအား သိရှိနိုင်ရန်နှင့် စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရန်ဖြစ်သည်။

၂.၂.၁. လေထုအရည်အသွေးတိုင်းတာမှုနည်းစနစ်

လေထုအရည်အသွေးအား စီမံကိန်းဧရိယာ၊ အောင်နန်းချိုကျေးရွာနှင့် တဲကြီးကုန်းကျေးရွာ အတွင်း (၂၄) နာရီကြာ တိုင်းတာမှုများ ပြုလုပ်ခဲ့ပါသည်။ ဤလေထုအရည်အသွေး စောင့်ကြပ် ကြည့်ရှုမှုအား ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မေလ၊ ၁၉ ရက်နေ့အထိ OCEANUS AQM-09 စက်အား အသုံးပြု၍ စီမံကိန်းဧရိယာအနီး အရှေ့ဘက်တွင်လည်ကောင်း၊ အောင်နန်းချို ကျေးရွာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင်လည်းကောင်း၊ တဲကြီးကုန်းကျေးရွာရှိ ဘုန်းကြီးကျောင်း အတွင်းတွင်လည်းကောင်း တိုင်းတာခဲ့ပြီး တည်နေရာကို ဇယား ၂-၂ တွင် ဖော်ပြ ထားပါသည်။ လေထုအရည်အသွေး တိုင်းတာခဲ့သည့် နေရာပြမြေပုံနှင့် တိုင်းတာမှု ပြုလုပ်ခဲ့ပုံများအား ပုံ ၂-၁ နှင့် ပုံ ၂-၂ တွင် ဖော်ပြထားပါသည်။

ဇယား ၂-၂ လေထုအရည်အသွေးတိုင်းတာခဲ့သည့် နေရာ

စီမံကိန်းအမည်	တည်နေရာ	တိုင်းတာသည့်နေ့ရက်
စီမံကိန်းဧရိယာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၃၁.၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၁.၁၉ စက္ကန့်	မေလ ၁၆ ရက် နှင့် ၁၇ ရက်၊ ၂၀၂၃ ခုနှစ်။
အောင်နန်းချိုကျေးရွာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၈.၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၆.၅၄ စက္ကန့်	မေလ ၁၇ ရက် နှင့် ၁၈ ရက်၊ ၂၀၂၃ ခုနှစ်။
တဲကြီးကုန်းကျေးရွာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၄၈.၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၅.၅၁ စက္ကန့်	မေလ ၁၆ ရက် နှင့် ၁၇ ရက်၊ ၂၀၂၃ ခုနှစ်။



ပုံ ၂-၁ လေထုအရည်အသွေးတိုင်းတာသည့်နေရာပြမြေပုံ




Mine Site ဧရိယာတွင်လေအရည်အသွေးတိုင်းတာခြင်း




တဲကြီးကုန်းကျေးရွာရှိဘုန်းကြီးကျောင်းတွင်လေအရည်အသွေးတိုင်းတာခြင်း




အောင်နန်းချိုကျေးရွာရှိ ခရစ်ယာန်ဘုရားကျောင်းတွင်လေအရည်အသွေးတိုင်းတာခြင်း

ပုံ ၂-၂ လေထုအရည်အသွေးတိုင်းတာခြင်း

၂.၂.၂. လေအရည်အသွေးတိုင်းတာမှုရလဒ်

HA ကုမ္ပဏီနှင့် Max Myanamar Manufacturing Co., Ltd တို့မှ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် လေထု အရည်အသွေးများဖြစ်သော အမှုန်အမွှား ($PM_{2.5}$, PM_{10}, TSP)၊ ဓာတ်ငွေ့များ ဖြစ်သည့် ကာဗွန် မိုနောက်ဆိုဒ် (CO)၊ ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် (NO_2)၊ အိုဇုန်း (O_3)၊ ဆာလဖာဒိုင် အောက်ဆိုဒ် (SO_2)၊ အပူချိန်၊ စိုထိုင်းစ၊ လေထုဖိအား၊ လေတိုက်နှုန်းနှင့် လေတိုက်ခတ်ရာ အရပ်များကို တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထိုလေထုအရည်အသွေး တိုင်းတာမှုရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (2015)[1] ဖြင့် လည်းကောင်း၊ Word Health Organization (WHO) global air quality လမ်းညွှန်ချက်များ (2021)[2] ဖြင့် လည်းကောင်း၊ OSHA (PEL) စံချိန်စံနှုန်းများဖြင့် လည်းကောင်း၊ဒုတိယအကြိမ်မြောက် EMR အစီရင်ခံစာတွင် တိုင်းတာခဲ့သော အရည်အသွေး ရလဒ်များဖြင့်လည်းကောင်း နှိုင်းယှဉ်ထားပုံကို အောက်ပါ ဇယား ၂-၃ ၊ ဇယား ၂-၄ နှင့် ဇယား ၂-၅တွင် ဖော်ပြထားပါသည်။


ယခုတိုင်းတာခဲ့သောရလဒ်များအရ အများစုသည် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) စံချိန်စံညွှန်းများ အတွင်း၌သာ ရှိသော်လည်း ဆာလဖာဒိုင် အောက်ဆိုဒ်သည် သတ်မှတ်စံနှုန်း ၂၀ $\mu g/m^3$ထက် ကျော်လွန်နေကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

လေထုသည် အပူ၊ အစိုဓာတ်၊ အမှုန်များနှင့် အခြားဂုဏ်သတ္တိများကို တစ်နေရာမှ တစ်နေရာသို့ လွှဲပြောင်းပေးသော အပူစွမ်းအင်ယန္တရား၏ အရေးပါသော အစိတ်အပိုင်း ဖြစ်သည်။ လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသော ဓာတ်ငွေ့များဖလှယ်ခြင်းသည် လေတိုက်နှုန်းနှင့် လေဦးတည်ချက်တို့ကြောင့် သက်ရောက်မှုရှိပါသည်။ တိုင်းတာမှုများအရ စီမံကိန်းဧရိယာရှိလေတိုက်ရာအရပ်မှာ အရှေ့မြောက်ဘက်အရပ်နှင့် အနောက်မြောက်ဘက် အရပ်များမှ လေ့လာသည့်ဧရိယာ သို့ တစ်စက္ကန့်လျှင် ၀.၇၃ m/s အရှိန်နှုန်းဖြင့် တိုက်ခတ်နေပါသည်။ အောင်နန်းချိုကျေးရွာရှိ လေတိုက်ရာအရပ်မှာ အရှေ့မြောက်နှင့် အနောက်တောင်အရပ်များမှ လေ့လာသည့်ဧရိယာသို့ တစ်စက္ကန့်လျှင် ၀.၈၇ m/s အရှိန်နှုန်းဖြင့် တိုက်ခတ်နေပါသည်။ တဲကြီးကုန်းကျေးရွာရှိတိုင်းတာမှုရလဒ်များအရ အရှေ့မြောက်နှင့် အနောက်မြောက်အရပ်များမှ လေ့လာသည့်ဧရိယာသို့ တစ်စက္ကန့်လျှင် ၀.၈၇ m/s အရှိန်နှုန်းဖြင့် တိုက်ခတ်နေပါသည်။ တိုင်းတာခဲ့သည့် ဧရိယာများအတွင်း လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းတို့ကို အောက်ဖော်ပြပါ ပုံ ၂-၃၊ ပုံ ၂-၄ နှင့် ပုံ ၂-၅ အတိုင်းဖြစ်ပါသည်။


---

[1] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၁၅ခုနှစ်။ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်၊ အမိန့်ကြော်ငြာစာအမှတ် ၆၁၅/၂၀၁၅၊ နေပြည်တော်၊ နတ်တော်လပြည့်ကျော် ၃ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၇၇ခုနှစ်။


2 Word Health Organization (WHO), 2021. Global Air Quality Guidelines: particulate matter (PM2.5 and PM10), ozone, nitrogen dioxide, sulfur dioxide and carbon monoxide. Executive summary.



ပုံ ၂-၃ စီမံကိန်းဧရိယာတွင်လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ



ပုံ ၂-၄ အောင်နန်းချိုကျေးရွာတွင်လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ



ပုံ ၂-၅ တဲကြီးကုန်းကျေးရွာတွင်လေတိုက်ရာအရပ်နှင့် လေတိုက်နှုန်းပြပုံ

ဇယား ၂-၃ စီမံကိန်းဧရိယာတွင်လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ

စဉ်	အမျိုးအစား	တိုင်းတာခဲ့သည့် ပျမ်းမျှကြာချိန်	စီမံကိန်းဧရိယာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၆ မှ ၁၇ ရက်၊ မေလ ၂၀၂၃)	ဒုတိယအကြိမ် မြောက် EMR တွင် တိုင်းတာခဲ့သည့် ရလဒ်	ယူနစ်	ပျမ်းမျှကြာချိန်		NEQG လမ်းညွှန်ချက်များ	WHO လမ်းညွှန်ချက်များ	OSHA (PEL) စံချိန်စံနှုန်း	မှတ်ချက်
၁	Particulate Matter ($PM_{2.5}$)	၂၄ နာရီ	၅.၉၀	၁.၉၅	µg/m³	၁	နှစ်	၁၀ µg/m³	၅ µg/m³	NG	
						၂၄	နာရီ	၂၅ µg/m³	၁၅ µg/m³		
၂	Particulate Matter (PM_{10})	၂၄ နာရီ	၈.၅၀	၅.၂၃	µg/m³	၁	နှစ်	၂၀ µg/m³	၁၅ µg/m³	NG	
						၂၄	နာရီ	၅၀ µg/m³	၄၅ µg/m³		
၃	Total Suspended Particulate (TSP)	၂၄ နာရီ	၁၀.၆၆	၉.၀၆	µg/m³	၂၄ နာရီ		NG	NG	NG	
၄	ကာဗွန်မိုနောက်ဆိုဒ် (CO)	၂၄ နာရီ	၀.၀၆	၀.၀၆	mg/m³	၁၅	မိနစ်	NG	၁၀၀ mg/m³	-	
						၁	နာရီ		၃၅ mg/m³		
						၈	နာရီ		၁၀ mg/m³	၅၀ ppm	
						၂၄	နာရီ		၄ mg/m³		
၅	ငွေ့ရည်ပြန်လွယ်သော ဓာတု ဒြပ်ပေါင်းများ (VOCs)	၂၄ နာရီ	၀.၂၆	၀.၁၂	ppm	-		NG	NG	NG	
၆	ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2)	၂၄ နာရီ	၂၉၅.၃၃	၃၃၆.၆၄	ppm	၈ နာရီ		NG	NG	၅၀၀၀ ppm	
၇		၁ နာရီ	၅၃.၈၉	၃၁.၅၈	µg/m³	၁	နှစ်	၄၀ µg/m³	၁၀ µg/m³	NG	

စဉ်	အမျိုးအစား	တိုင်းတာခဲ့သည့် ပျမ်းမျှ ကြာချိန်	စီမံကိန်းဧရိယာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၆ မှ ၁၇ ရက်၊ မေလ ၂၀၂၃)	ဒုတိယအကြိမ် မြောက် EMR တွင် တိုင်းတာခဲ့သည့် ရလဒ်	ယူနစ်	ပျမ်းမျှ ကြာချိန်		NEQG လမ်းညွှန်ချက်များ	WHO လမ်းညွှန်ချက်များ	OSHA (PEL) စံချိန်စံနှုန်း	မှတ်ချက်
	နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် (NO_2)					၁	နာရီ	၂၀၀ µg/m^3	၂၀၀ µg/m^3		
						၂၄	နာရီ	-	၂၅ µg/m^3		
၈	အိုဇုန်း (O_3)	၂၄ နာရီ	၃၄.၉၂	၂၂	µg/m^3	၈ နာရီ Daily Maximum		၁၀၀ µg/m^3	၁၀၀ µg/m^3	NG	
၉	ဆာလဖာဒိုင် အောက်ဆိုဒ် (SO_2)	၂၄ နာရီ	၇.၂၉	၃၁.၂၅	µg/m^3	၁၀	မိနစ်	၅၀၀ µg/m^3	၅၀၀ µg/m^3	NG	
						၂၄	နာရီ	၂၀ µg/m^3	၄၀ µg/m^3		
၁၀	အပူချိန်	၂၄ နာရီ	၃၁.၉၈	၂၆.၆	°C	-		NG	NG	NG	-
၁၁	စိုထိုင်းစ	၂၄ နာရီ	၆၄.၈၉	၉၀.၂၆	Rh%	-		NG	NG	NG	-
၁၂	လေတိုက်ရာအရပ်	၂၄ နာရီ	၂၀၅.၂၂	၂၁၃.၆၃	Degree	-		NG	NG	NG	-
၁၃	လေတိုက်နှုန်း	၂၄ နာရီ	၀.၇၅	၀.၁၄	m/s	-		NG	NG	NG	-

NEQ(E)G=National Environmental Quality Emission Guideline

WHO= Word Health organization Guideline

OSHA= Occupational Safety and Health Administration; REL= Permissible Exposure Limit

"-"= No Guideline

ဇယား ၂-၄ အောင်နန်းချိုကျေးရွာတွင် လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ

စဉ်	အမျိုးအစား	တိုင်းတာခဲ့သည့် ပျမ်းမျှကြာချိန်	အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၆ မှ ၁၇ ရက်၊ မေလ ၂၀၂၃)	ဒုတိယအကြိမ် မြောက်EMR တွင် တိုင်းတာခဲ့သည့်ရလဒ်	ယူနစ်	ပျမ်းမျှကြာချိန်		NEQG လမ်းညွှန်ချက်များ	WHO လမ်းညွှန်ချက်များ	OSHA (PEL) စံချိန်စံနှုန်း	မှတ်ချက်
၁	Particulate Matter ($PM_{2.5}$)	၂၄ နာရီ	၁၀.၈၆	၃.၀၃	µg/m³	၁	နှစ်	၁၀ µg/m³	၅ µg/m³	NG	
						၂၄	နာရီ	၂၅ µg/m³	၁၅ µg/m³		
၂	Particulate Matter (PM_{10})	၂၄ နာရီ	၁၇.၇၈	၉.၃၉	µg/m³	၁	နှစ်	၂၀ µg/m³	၁၅ µg/m³	NG	
						၂၄	နာရီ	၅၀ µg/m³	၄၅ µg/m³		
၃	Total Suspended Particulate (TSP)	၂၄ နာရီ	၂၂.၃၉	၁၅.၇	µg/m³	၂၄ နာရီ		NG	NG	NG	
၄	ကာဗွန်မိုနောက်ဆိုဒ် (CO)	၂၄ နာရီ	၀.၃၃	၀.၀၀၁	mg/m³	၁၅	မိနစ်	NG	၁၀၀ mg/m³	-	
						၁	နာရီ		၃၅ mg/m³		
						၈	နာရီ		၁၀ mg/m³	၅၀ ppm	
						၂၄	နာရီ		၄ mg/m³		
၅	နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် (NO_2)	၁ နာရီ	၂၃.၂၆	၄၁	µg/m³	၁	နှစ်	၄၀ µg/m³	၁၀ µg/m³	NG	
						၁	နာရီ	၂၀၀ µg/m³	၂၀၀ µg/m³		
						၂၄	နာရီ	-	၂၅ µg/m³		
၆	အိုဇုန်း (O_3)	၂၄ နာရီ	၆.၅၇	၁၆	µg/m³	၈ နာရီ Daily Maximum		၁၀၀ µg/m³	၁၀၀ µg/m³	NG	
၇	ဆာလဖာဒိုင်အောက်ဆိုဒ် (SO_2)	၂၄ နာရီ	၅၄	၁၉	µg/m³	၁၀	မိနစ်	၅၀၀ µg/m³	၅၀၀ µg/m³	NG	
						၂၄	နာရီ	၂၀ µg/m³	၄၀ µg/m³		

စဉ်	အမျိုးအစား	တိုင်းတာခဲ့သည့် ပျမ်းမျှ ကြာချိန်	အောင်နန်းချိုကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၆ မှ ၁၇ ရက်၊ မေလ ၂၀၂၃)	ဒုတိယအကြိမ် မြောက်EMR တွင် တိုင်းတာခဲ့သည့်ရလဒ်	ယူနစ်	ပျမ်းမျှ ကြာချိန်	NEQG လမ်းညွှန်ချက်များ	WHO လမ်းညွှန်ချက်များ	OSHA (PEL) စံချိန်စံနှုန်း	မှတ်ချက်
၈	အပူချိန်	၂၄ နာရီ	၃၀.၃၅	၂၇.၄	°C	-	NG	NG	NG	-
၉	စိုထိုင်းစ	၂၄ နာရီ	၆၁.၃၆	၈၆.၆	Rh%	-	NG	NG	NG	-
၁၀	လေတိုက်ရာအရပ်	၂၄ နာရီ	၁၆၃.၉၇	၁၉၆.၉၈	Degree	-	NG	NG	NG	-
၁၁	လေတိုက်နှုန်း	၂၄ နာရီ	၀.၉၂	၀.၄၇	m/s	-	NG	NG	NG	-

NEQ(E)G=National Environmental Quality Emission Guideline

WHO= Word Health organization Guideline

OSHA= Occupational Safety and Health Administration; REL= Permissible Exposure Limit

"-"= No Guideline

ဇယား ၂-၅ တဲကြီးကုန်းကျေးရွာတွင် လေထုအရည်အသွေးတိုင်းတာခဲ့မှုရလဒ်များ

စဉ်	အမျိုးအစား	တိုင်းတာခဲ့သည့် ပျမ်းမျှ ကြာချိန်	တဲကြီးကုန်းကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၆ မှ ၁၇ ရက်၊ မေလ ၂၀၂၃)	ဒုတိယအကြိမ် မြောက် EMR တွင် တိုင်းတာခဲ့သည့် ရလဒ်	ယူနစ်	ပျမ်းမျှ ကြာချိန်		NEQG လမ်းညွှန်ချက်များ	WHO လမ်းညွှန်ချက်များ	OSHA (PEL) စံချိန်စံနှုန်း	မှတ်ချက်
၁	Particulate Matter ($PM_{2.5}$)	၂၄ နာရီ	၁၀.၇၄	၆.၉၃	µg/m^3	၁	နှစ်	၁၀ µg/m^3	၅ µg/m^3	NG	
						၂၄	နာရီ	၂၅ µg/m^3	၁၅ µg/m^3		
၂	Particulate Matter	၂၄ နာရီ	၁၇.၉၂	၈.၈၈		၁	နှစ်	၂၀ µg/m^3	၁၅ µg/m^3	NG	

စဉ်	အမျိုးအစား	တိုင်းတာခဲ့သည့် ပျမ်းမျှကြာချိန်	တဲကြီးကုန်းကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၆ မှ ၁၇ ရက်၊ မေလ ၂၀၂၃)	ဒုတိယအကြိမ် မြောက် EMR တွင် တိုင်းတာခဲ့သည့် ရလဒ်	ယူနစ်	ပျမ်းမျှကြာချိန်		NEQG လမ်းညွှန်ချက်များ	WHO လမ်းညွှန်ချက်များ	OSHA (PEL) စံချိန်စံနှုန်း	မှတ်ချက်
	(PM_{10})				µg/m^3	၂၄	နာရီ	၅၀ µg/m^3	၄၅ µg/m^3		
၃	Total Suspended Particulate (TSP)	၂၄ နာရီ	၂၂.၀၆	၁၄.၇၈	µg/m^3	၂၄ နာရီ		NG	NG	NG	
၄	ကာဗွန်မိုနောက်ဆိုဒ် (CO)	၂၄ နာရီ	၀.၃၂	၀.၀၁	mg/m^3	၁၅	မိနစ်	NG	၁၀၀ mg/m^3	-	
						၁	နာရီ		၃၅ mg/m^3		
						၈	နာရီ		၁၀ mg/m^3	၅၀ ppm	
						၂၄	နာရီ		၄ mg/m^3		
၅	နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် (NO_2)	၁ နာရီ	၂၀.၆၄	၁၅	µg/m^3	၁	နှစ်	၄၀ µg/m^3	၁၀ µg/m^3	NG	
						၁	နာရီ	၂၀၀ µg/m^3	၂၀၀ µg/m^3		
						၂၄	နာရီ	-	၂၅ µg/m^3		
၆	အိုဇုန်း (O_3)	၂၄ နာရီ	၁၂.၁၉	၁၃	µg/m^3	၈ နာရီ Daily Maximum		၁၀၀ µg/m^3	၁၀၀ µg/m^3	NG	
၇		၂၄ နာရီ	၄၀.၈၇	၅၅		၁၀	မိနစ်	၅၀၀ µg/m^3	၅၀၀ µg/m^3	NG	

စဉ်	အမျိုးအစား	တိုင်းတာခဲ့သည့် ပျမ်းမျှကြာချိန်	တဲကြီးကုန်းကျေးရွာတွင် တိုင်းတာခဲ့သည့် ရလဒ်များ (၁၆ မှ ၁၇ ရက်၊ မေလ ၂၀၂၃)	ဒုတိယအကြိမ် မြောက် EMR တွင် တိုင်းတာခဲ့သည့် ရလဒ်	ယူနစ်	ပျမ်းမျှကြာချိန်		NEQG လမ်းညွှန်ချက်များ	WHO လမ်းညွှန်ချက်များ	OSHA (PEL) စံချိန်စံနှုန်း	မှတ်ချက်
	ဆာလဖာဒိုင်အောက်ဆိုဒ် (SO_2)				µg/m^3	၂၄	နာရီ	၂၀ µg/m^3	၄၀ µg/m^3		
၈	အပူချိန်	၂၄ နာရီ	၃၀.၉၄	၂၈.၉၉	°C	-		NG	NG	NG	-
၉	စိုထိုင်းစ	၂၄ နာရီ	၆၁.၄၄	၇၄.၉	Rh%	-		NG	NG	NG	-
၁၀	လေတိုက်ရာအရပ်	၂၄ နာရီ	၁၇၄.၉၁	၁၇၅.၀၄	Degree	-		NG	NG	NG	-
၁၁	လေတိုက်နှုန်း	၂၄ နာရီ	၀.၈၃	၀.၇၂	m/s	-		NG	NG	NG	-

NEQ(E)G=National Environmental Quality Emission Guideline

WHO= Word Health organization Guideline

OSHA= Occupational Safety and Health Administration; REL= Permissible Exposure Limit


“-“= No Guideline

၂.၂.၃. လေအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ


၂၀၂၃ ခုနှစ်၊ မေလ၊ ၁၆ မှ ၁၇ ရက်နေ့အထိ တိုင်းတာမှု ရလဒ်များအရ စီမံကိန်းဧရိယာရှိ $PM_{2.5,}$ နှင့် PM_{10} သည် သတ်မှတ်စံနှုန်းအတွင်းရှိသော်လည်း နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်သည် ညနေ ၄ နာရီ မှ ၈ နာရီ ခန့်အတွင်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များထက် ကျော်လွန်နေကြောင်းကို လေ့လာတွေ့ရှိခဲ့ပါသည်။ ထိုသို့ကျော်လွန်နေရခြင်းမှာ စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်တွင် ကားနှင့်ဆိုင်ကယ် များသွားလာခြင်းတို့ကြောင့် ဖုန်မှုန့်များထခြင်း ကြောင့်ဖြစ်သည်။

အောင်နန်းချိုကျေးရွာနှင့် တဲကြီးကုန်းကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) စံချိန်စံညွှန်းများအတွင်းရှိသော်လည်း ဆာလဖာဒိုင် အောက်ဆိုဒ်ထွက်ရှိမှုနှုန်းမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) စံချိန်စံညွှန်းများထက်ကျော်လွန်နေကြောင်းတွေ့ရှိရပါသည်။ ထိုသို့ကျော်လွန်နေရခြင်းမှာ လူနေရပ်ကွက်ဖြစ်သောကြောင့် ထင်းလောင်စာများ အသုံးပြုခြင်း၊ အမှိုက်မီးရှို့ခြင်း၊ မော်တော်ဆိုင်ကယ်များအသုံးပြုခြင်းတို့ကြောင့်ဖြစ်သည်။


ယခုတိုင်းတာရရှိခဲ့သော လေထုအရည်အသွေးများသည် ဒုတိယအကြိမ် တိုင်းတာရရှိခဲ့သော ရလဒ်များနှင့် နှိုင်းယှဉ်လျှင် အချို့ရလဒ်များမှာ ပိုမိုကောင်းလွန်လာကြောင်းတွေ့ရှိရပါသည်။ တိုင်းတာမှု ရလဒ်ဂရပ်များအား ပုံ ၂-၆၊ ပုံ ၂-၇၊ ပုံ ၂-၈၊ ပုံ ၂-၉၊ ပုံ ၂-၁၀ နှင့်ပုံ ၂-၁၁ တို့တွင် ဖော်ပြထားပါသည်။




ပုံ ၂-၆ စီမံကိန်းဧရိယာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်း




ပုံ ၂-၇ စီမံကိန်းဧရိယာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်း




ပုံ ၂-၈ အောင်နန်းချိုကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်း



ပုံ ၂-၉ အောင်နန်းချိုကျေးရွာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်း



ပုံ ၂-၁၀ တဲကြီးကုန်းကျေးရွာတွင် အမှုန်အမွှားထွက်ရှိမှုနှုန်း



ပုံ ၂-၁၁ တဲကြီးကုန်းကျေးရွာတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ထွက်ရှိမှုနှုန်း

၂.၂.၄. သုံးသပ်ချက်နှင့်အကြံပြုချက်

Max Myanmar Manufacturing Co., Ltd ၏ ထုံးကျောက်တူးဖော်ရေး လုပ်ငန်းဆောင်ရွက်ရာမှ ဆာလဖာဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့များ ထွက်ရှိမှု ပမာဏသည်

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ထက် ကျော်လွန်နေသောကြောင့် ထိုအမှုန်နှင့် ဓာတ်ငွေ့များ၏ ဖြစ်ပေါ်နိုင်သော သက်ရောက်မှုများအတွက် အောက်ပါ လျှော့ချရမည့် နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

- ဖုန်မှုန့်၊ သဲမှုန့်၊ ထွက်ရှိသည့်နေရာ၊ ဖုန်မှုန်များထနေသည့်နေရာများအား ရေဖြန်းစေခြင်း။
- လုပ်ကွက်အနီးရှိကျေးရွာများတွင် စီမံကိန်းမှ မော်တော်ဆိုင်ကယ်နှင့် ကားများ သွားလာခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဖုန်မှုန့်များအား ပုံမှန်ရေဖြန်းစေခြင်း။
- လုပ်ငန်းသုံးစက်ပစ္စည်းများ၏ စက်အင်ဂျင်များအား အသုံးမပြုလျှင် စက်သတ်ထားခြင်း။ ပုံမှန်စစ်ဆေးပေးခြင်း၊ ပြုပြင်ပေးခြင်း။
- လုပ်သားများအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း Mask များ ထောက်ပံ့ပေးခြင်း။
- မီးစက်များအား ပုံမှန်စစ်ဆေးခြင်းနှင့် မီးစက်ရုံအတွင်းတွင် လေဝင်လေထွက် ကောင်းအောင် ထားရှိခြင်း။

၂.၃. ဆူညံသံအရည်အသွေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဆူညံသံလွန်ကဲမှုအား အကြားအာရုံဆုံးရှုံးခြင်း၊ နှလုံးသွေးကြောဆိုင်ရာပြဿနာများ၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျခြင်းတို့ကို ဖြစ်စေနိုင်သည့် လျှော့ပေါ့၍ တွက်ချက်ခဲ့မိကြသော ခြိမ်းခြောက်မှု အန္တရာယ်တစ်ခုအဖြစ် ဖော်ပြထားသည်။ အသံဆူညံမှုသည် လူသားများကို အိပ်ပျော်စေရန် ခက်ခဲခြင်းနှင့် နှလုံးရောဂါစသော ထိခိုက်မှုပုံစံအမျိုးမျိုးဖြင့် ထိခိုက်စေနိုင်ပါသည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆူညံသံကို ထိန်းချုပ်ရန်နှင့် စည်းမျဉ်းကန့်သတ်ချက်များအတွက် အခြေခံအဖြစ် အသုံးပြုနိုင်ရန် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ဆူညံသံတိုင်းတာရခြင်း ရည်ရွယ်ချက်မှာ အသံလွန်ကဲမှုကို ထိန်းချုပ်ရန်နှင့် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများ၏ အကြားအာရုံနှင့် ကျန်းမာရေးကို ကာကွယ်ရန် အတွက် ဖြစ်ပါသည်။ စီမံကိန်းဆောင်ရွက်ရာမှ ဆူညံသံ ထွက်ရှိမှုသည်လည်း ထုတ်ပြန်ထားသော လမ်းညွှန်ချက်များထက် မကျော်လွန်သင့်ပါ။


၂.၃.၁. ဆူညံသံအရည်အသွေးတိုင်းတာမှုနည်းစနစ်

အသံဆူညံမှုတိုင်းတာခြင်းကို လေထုအရည်အသွေးတိုင်းတာခဲ့သည့် နေရာများဖြစ်သည့် စီမံကိန်းဧရိယာ၊ အောင်နန်းချိုကျေးရွာနှင့် တဲကြီးကုန်းကျေးရွာများတွင် BENETECH GM-1356 digital sound level meter ကို အသုံးပြု၍ ၂၄ နာရီကြာ တိုင်းတာဆောင်ရွက်ခဲ့ပါသည်။ ဤအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအား ၁၆ ရက်၊ မေလ၊ ၂၀၂၃ မှ ၁၈ရက်၊ မေလ၊ ၂၀၂၃ အထိ တိုင်းတာမှုပြုလုပ်ခဲ့ပါသည်။ ဆူညံသံအရည်အသွေး တိုင်းတာခဲ့သည့် တည်နေရာကို ဇယား ၂-၆ နှင့်

တိုင်းတာခဲ့သည့် နေရာပြမြေပုံ၊ တိုင်းတာမှု ပြုလုပ်ခဲ့ပုံများအား ပုံ ၂-၁၂၊ ပုံ 2-13နှင့်ပုံ ၂-၁၄ တွင် ဖော်ပြထားပါသည်။

ဇယား ၂-၆ ဆူညံသံအရည်အသွေးတိုင်းတာခဲ့သည့် နေရာ

စီမံကိန်းအမည်	တည်နေရာ	တိုင်းတာသည့်နေ့ရက်
စီမံကိန်းဇရိယာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၃၁.၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၁.၁၉ စက္ကန့်	မေလ ၁၆ ရက် နှင့် ၁၇ ရက်၊၂၀၂၃ ခုနှစ်။
အောင်နန်းချိုကျေးရွာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၈.၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၆.၅၄ စက္ကန့်	မေလ ၁၇ ရက် နှင့် ၁၈ ရက်၊၂၀၂၃ ခုနှစ်။
တဲကြီးကုန်းကျေးရွာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၄၈.၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၅.၅၁ စက္ကန့်	မေလ ၁၆ ရက် နှင့် ၁၇ ရက်၊၂၀၂၃ ခုနှစ်။



ပုံ ၂-၁၂ ဆူညံသံတိုင်းတာခဲ့သည့်နေရာပြမြေပုံ



ပုံ ၂-၁၃ ဆူညံသံတိုင်းတာသည့်စက်



စီမံကိန်းဧရိယာတွင် ဆူညံသံအရည်အသွေးတိုင်းတာခြင်း



တဲကြီးကုန်းကျေးရွာတွင် ဆူညံသံအရည်အသွေးတိုင်းတာခြင်း



အောင်နန်းချိုကျေးရွာတွင် ဆူညံသံအရည်အသွေးတိုင်းတာခြင်း

ပုံ ၂-၁၄ ဆူညံသံအရည်အသွေး တိုင်းတာခြင်း

၂.၃.၂. ဆူညံသံအရည်အသွေးတိုင်းတာမှုရလဒ်များ

စီမံကိန်းဧရိယာ၊ အောင်နန်းချိုကျေးရွာနှင့် တဲကြီးကုန်းကျေးရွာအတွင်းရှိ နေရာအသီးသီးတို့တွင် ဆူညံသံတိုင်းတာခဲ့သော ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များဖြင့် လည်းကောင်း၊ ဒုတိယအကြိမ် တိုင်းတာရရှိခဲ့သော EMR ရလဒ်များဖြင့်လည်းကောင်း နှိုင်းယှဉ်ထားပုံကို အောက်ပါ ဇယား ၂-၇၊ ဇယား ၂-၈ တွင် ဖော်ပြထားပါသည်။

ဆူညံသံတိုင်းတာမှုရလဒ်များအရ စီမံကိန်းဧရိယာအတွင်းတွင် နေ့အချိန်အတွက် ၄၈.၆၅ dBA နှင့် ညအချိန်အတွက် ၄၆.၉၉ dBA ရှိသောကြောင့် သတ်မှတ်လမ်းညွှန်ချက် ၇၀ dBA ထက် မကျော်လွန်ကြောင်း လေ့လာ တွေ့ရှိခဲ့ပါသည်။ အောင်နန်းချိုကျေးရွာတွင် တိုင်းတာမှုရလဒ်များအရ နေ့အချိန်တွင် ၄၉.၇၄ dBA နှင့် ညအချိန်တွင် ၅၂.၄၃ dBA ရှိကြောင်းတိုင်းတာရရှိပါသည်။ တဲကြီးကုန်းကျေးရွာတွင် တိုင်းတာမှုရလဒ်များအရ နေ့အချိန်တွင် ၅၀.၃၄ dBA နှင့် ညအချိန်တွင် ၅၁.၀၇ dBA ရှိကြောင်းတိုင်းတာရရှိပါသည်။ ထို့ကြောင့်တိုင်းတာရရှိလာသောရလဒ်များသည် သတ်မှတ်လမ်းညွှန်ချက် ၇၀ dBA ထက် မကျော်လွန်ကြောင်း လေ့လာ တွေ့ရှိခဲ့ပါသည်။

ဇယား ၂-၇ နေ့အချိန်ဆူညံသံတိုင်းတာရရှိခဲ့သည့် ရလဒ်


ဆူညံသံကြားရသူများ	ဒေသန္တရ ပျမ်းမျှဆူညံသံရလဒ် (dBA)						
	ဒုတိယအကြိမ် တိုင်းတာခဲ့သည့် EMR မှရလဒ်များ			ပထမအကြိမ် တိုင်းတာခဲ့သည့် EMR မှရလဒ်များ			နေ့အချိန် မနက် ၇:၀၀ မှ ည၁၀:၀၀ (အများပြည်သူ အလုပ်ပိတ်ရက်များ အတွက် မနက် ၁၀:၀၀ - ည ၁၀:၀၀)
	နေ့အချိန်			နေ့အချိန်			
	စီမံကိန်း	အောင်နန်းချို	တဲကြီးကုန်း	စီမံကိန်း	အောင်နန်းချို	တဲကြီးကုန်း	
လူနေအိမ်၊ အဖွဲ့အစည်း၊ ပညာရေးဆိုင်ရာ	-	-	-	-	-	-	၅၅
စက်မှု၊ စီးပွားဖြစ်လုပ်ငန်း	၄၈.၆၅	၄၉.၇၄	၅၀.၃၄	၆၅.၀	၆၅.၅	၄၈.၃	၇၀

ဇယား ၂-၈ ညအချိန်ဆူညံသံတိုင်းတာရရှိခဲ့သည့် ရလဒ်


ဆူညံသံကြားရသူများ	ဒေသန္တရ ပျမ်းမျှဆူညံသံရလဒ် (dBA)						
	ဒုတိယအကြိမ် တိုင်းတာခဲ့သည့် EMR မှရလဒ်များ			ပထမအကြိမ် တိုင်းတာခဲ့သည့် EMR မှရလဒ်များ			ညအချိန် ည ၁၀:၀၀ မှ မနက် ၇:၀၀ (အများပြည်သူ အလုပ်ပိတ်ရက်များ အတွက် ည ၁၀:၀၀ - မနက် ၁၀:၀၀)
	ညအချိန်			ညအချိန်			
	စီမံကိန်း	အောင်နန်းချို	တဲကြီးကုန်း	စီမံကိန်း	အောင်နန်းချို	တဲကြီးကုန်း	
လူနေအိမ်၊ အဖွဲ့အစည်း၊ ပညာရေးဆိုင်ရာ	-	-	-	-	-	-	၄၅
စက်မှု၊ စီးပွားဖြစ်လုပ်ငန်း	၄၆.၉၉	၅၂.၄၃	၅၁.၀၇	၄၀.၈	၅၄.၈	၄၃.၀	၇၀

၂.၃.၃. ဆူညံသံအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ


တိုင်းတာရရှိခဲ့သောရလဒ်များအား နေ့အချိန်နှင့် ညအချိန် ခွဲခြား သတ်မှတ်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များဖြင့် နှိုင်းယှဉ်ရာတွင် ရလဒ် အသီးသီးတို့သည် လမ်းညွှန်ချက်အတွင်းရှိပါသည်။ ထို့ကြောင့် စီမံကိန်းဧရိယာအတွင်း အသံဆူညံမှု ကြောင့် ပတ်ဝန်းကျင်ရှိ သက်ရှိများနှင့် လုပ်သားများ၏ ကျန်းမာရေး အခြေအနေကို ထိခိုက်နိုင်ချေ မရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ တိုင်းတာရရှိခဲ့သော နေ့အချိန်နှင့် ညအချိန် အသံဆူညံမှုနှုန်းပြဂရပ်ကို အောက်ပါ ပုံ ၂-၁၅၊ ပုံ ၂-၁၆၊ ပုံ ၂-၁၇၊ ပုံ ၂-၁၈၊ ပုံ ၂-၁၉ နှင့် ပုံ ၂-၂၀ တွင် ဖော်ပြထားပါသည်။




ပုံ ၂-၁၅ စီမံကိန်းဧရိယာရှိ နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ်




ပုံ ၂-၁၆ စီမံကိန်းဧရိယာရှိ ညအချိန်အသံဆူညံမှုနှုန်းပြဂရပ်




ပုံ ၂-၁၇ အောင်နန်းချိုကျေးရွာတွင်နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ်



ပုံ ၂-၁၈ အောင်နန်းချိုကျေးရွာတွင်ညအချိန်အသံဆူညံမှုနှုန်းပြဂရပ်



ပုံ ၂-၁၉ တဲကြီးကုန်းကျေးရွာ တွင်နေ့အချိန်အသံဆူညံမှုနှုန်းပြဂရပ်



ပုံ ၂-၂၀ တဲကြီးကုန်းကျေးရွာတွင် ညအချိန်အသံဆူညံမှုနှုန်းပြဂရပ်

၂.၃.၄. သုံးသပ်ချက်နှင့်အကြံပြုချက်

Max Myanmar Manufacturing Co., Ltd အတွက်တိုင်းတာရရှိခဲ့သောရလဒ်များအရ အသံဆူညံမှုနှုန်းများမှာအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အတွင်းရှိသော်လည်း ထုတ်လုပ်မှုလုပ်ငန်းကြောင့် ဆူညံသံလွန်ကဲမှု မဖြစ်စေရန် စီမံကိန်းဧရိယာအတွင်း အောက်ပါ နည်းလမ်းများကို ဆက်လက်ဆောင်ရွက်ထားရှိပါမည်။

- စက်ပစ္စည်းကိရိယာများကို ကောင်းစွာထိန်းသိမ်းခြင်း။
- စက်ယန္တရားများကို အသုံးမပြုသည့်အချိန်တွင် စက်ပိတ်ထားခြင်း။
- စက်ယန္တရားများ၏ လည်ပတ်မှုများ ပုံမှန်ရှိစေရန် ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း။
- စက်ယန္တရားများ၊ မော်တာများနှင့် ကိရိယာများတွင် လိုအပ်သည့် စက်ဆီ၊ ချောဆီများ ပုံမှန်ဖြည့်တင်းခြင်း။
- ဝန်ထမ်းများအတွက် ဆူညံသံမြင့်မားသည့် နေရာများတွင် နားကြပ်များ ထောက်ပံ့ပေးခြင်း။
- ဆူညံသံ အလွန်မြင့်သည့် နေရာများရှိ ဝန်ထမ်းများအား အလှည့်ကျ လုပ်ကိုင်စေခြင်း။
- ဆူညံသံထွက်ရှိသည့်နေရာဖြစ်သည့် လုပ်ငန်းနေရာများတွင် လုပ်ကိုင်နေသော ဝန်ထမ်းများကို နားအကာအကွယ် ပစ္စည်းများ မဖြစ်မနေတပ်ဆင်စေခြင်း။
- ဝန်ထမ်းများအတွက် နားစစ်ဆေးမှုနှင့်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခြင်း။

ဤ စီမံကိန်းအနေဖြင့် ဆူညံသံရှိနိုင်သော ကုန်ကြမ်းထုတ်လုပ်ရာနေရာများတွင် Noise Reduction Rating 50% ထိလျော့ချပေးနိုင်သော နားအကာအကွယ်ကိရိယာ (နားဆို့) တပ်ဆင်အသုံးပြုသင့်ပါသည်။ ၎င်းကိရိယာအား ဆူညံသံမြင့်သည့် နေရာများတွင် အလုပ်လုပ်ကိုင်နေစဉ်အတွင်း လုပ်သားများအနေဖြင့် တပ်ဆင် အသုံးပြုရမည်ဖြစ်ပါသည်။

၂.၄. တုန်ခါမှုအရည်အသွေး

တုန်ခါမှုသည် စက်ယန္တရားများ (သို့မဟုတ်) အဆောက်အဦးများ၏ ကြာရှည်ခံမှုနှင့် ယုံကြည်စိတ်ချရမှုကိုလျော့ကျစေနိုင်ပြီး ပျက်စီးခြင်း၊ ပုံမှန်မဟုတ်သော ရပ်တန့်ခြင်းနှင့် ဘေးဥပါဒ်ကဲ့သို့သော ပြဿနာများကို ဖြစ်စေသည်။ တုန်ခါမှုအရည်အသွေးတိုင်းတာခြင်းသည် ဤပြဿနာများကို လျော့ကျစေနိုင်ရန် အရေးကြီးသော တိုင်းတာမှုတစ်ခုဖြစ်သည်။


၂.၄.၁. တုန်ခါမှုအရည်အသွေးတိုင်းတာမှုနည်းစနစ်

တုန်ခါမှုတိုင်းတာခြင်းကို လေထုအရည်အသွေးတိုင်းတာခဲ့သည့် နေရာများဖြစ်သည့် စီမံကိန်းဧရိယာ၊ အောင်နန်းချိုကျေးရွာနှင့် တဲကြီးကုန်းကျေးရွာများတွင် BENETECH vibration

meter ကို အသုံးပြု၍ တိုင်းတာမှုပြုလုပ်ခဲ့ပါသည်။ တုန်ခါမှုအရည်အသွေး တိုင်းတာခဲ့သည့် တည်နေရာကို ဇယား ၂-၉ နှင့် တိုင်းတာခဲ့သည့် နေရာပြမြေပုံ၊ တိုင်းတာမှု ပြုလုပ်ခဲ့ပုံများအားပုံ ၂-၂၁ နှင့် ပုံ ၂-၂၂တွင် ဖော်ပြထားပါသည်။

ဇယား ၂-၉ တုန်ခါမှုတိုင်းတာခဲ့သည့် နေရာများ

စီမံကိန်းအမည်	တည်နေရာ	တိုင်းတာသည့်နေ့ရက်
စီမံကိန်းဧရိယာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၃၁.၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၁.၁၉ စက္ကန့်	မေလ ၁၆ ရက် နှင့် ၁၇ ရက်၊ ၂၀၂၃ ခုနှစ်။
အောင်နန်းချိုကျေးရွာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၈.၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၆.၅၄ စက္ကန့်	မေလ ၁၇ ရက် နှင့် ၁၈ ရက်၊ ၂၀၂၃ ခုနှစ်။
တဲကြီးကုန်းကျေးရွာ	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၄၈.၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၅.၅၁ စက္ကန့်	မေလ ၁၆ ရက် နှင့် ၁၇ ရက်၊ ၂၀၂၃ ခုနှစ်။



ပုံ ၂-၂၁ တုန်ခါမှုအရည်အသွေးတိုင်းတာခဲ့သည့်နေရာပြမြေပုံ



Mine Site ဧရိယာတွင်တုန်ခါမှုအရည်အသွေးတိုင်းတာခြင်း



တဲကြီးကုန်းကျေးရွာတွင် တုန်ခါမှုအရည်အသွေးတိုင်းတာခြင်း



အောင်နန်းချိုကျေးရွာတွင် တုန်ခါမှုအသွေးတိုင်းတာခြင်း

ပုံ ၂-၂၂ စီမံကိန်းအတွင်း တုန်ခါမှုအရည်အသွေးတိုင်းတာပုံများ

၂.၄.၂. တုန်ခါမှုအရည်အသွေးတိုင်းတာမှုရလဒ်များ

လက်ရှိတိုင်းတာရရှိခဲ့သောတိုင်းတာမှုရလဒ်များအရ စီမံကိန်းဧရိယာတွင် ၀.၀၂ မီလီမီတာ/စက္ကန့်၊ အောင်နန်းချိုကျေးရွာတွင် ၀.၀၁ မီလီမီတာ/စက္ကန့်၊ တဲကြီးကုန်းကျေးရွာတွင် ၀.၀၁ မီလီမီတာ/စက္ကန့် ရှိကြောင်း တိုင်းတာမှုများ အရတွေ့ရှိရပါသည်။

ဇယား ၂-၁၀ တုန်ခါမှုအရည်အသွေးရလဒ်များ

စီမံကိန်းအမည်	ယခုအကြိမ်တိုင်းတာခဲ့သည့် EMR မှရလဒ်များ (၁၆ ရက်နေ့မှ ၁၇ရက်နေ့၊ မေလ၊ ၂၀၂၃)			ဒုတိယအကြိမ် တိုင်းတာခဲ့သည့် EMR မှရလဒ်များ (၂၆ရက်မှ ၂၉ရက်နေ့၊ စက်တင်ဘာလ၊ ၂၀၂၂)		
	အရှိန် (m/s^2)	အလျင်(mm/s)	အရွေ့ (mm)	အရှိန် (m/s^2)	အလျင်(mm/s)	အရွေ့ (mm)
စီမံကိန်းဧရိယာ	၀.၀၂	၀.၀၂	၀.၀၂	-	၀.၃	-
အောင်နန်းချို	၀.၀၁	၀.၀၁	၀.၀၁	-	၀.၂	-
တဲကြီးကုန်း	၀.၀၁	၀.၀၁	၀.၀၁	-	၀	-

၂.၄.၃. တုန်ခါမှုအရည်အသွေးတိုင်းတာမှုအပေါ် လေ့လာတွေ့ရှိမှုများ

လက်ရှိတုန်ခါမှုတိုင်းတာမှုရလဒ်များသည် ယခင်တိုင်းတာခဲ့သော ရလဒ်များဖြင့် နှိုင်းယှဉ်လျှင်မြင့်တက်လာခြင်းမရှိကြောင်းကိုလည်းလဲတွေ့ရှိရပါသည်။ စီမံကိန်းဧရိယာ မှ ယမ်းဖောက်ခွဲမှု သည်လည်း အနီးပတ်ဝန်းကျင်တွင်ရှိသော ကျေးရွာများသို့ သက်ရောက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

၂.၄.၄. သုံးသပ်ချက်နှင့်အကြံပြုချက်

Max Myanmar Manufacturing Co., Ltd တွင် တိုင်းတာရရှိခဲ့သောရလဒ်များအရ တုန်ခါမှု မရှိသလောက် နည်းပါးသော်လည်း ထုတ်လုပ်မှုလုပ်ငန်းများ ကြောင့် တုန်ခါမှုလွန်ကဲခြင်း မဖြစ်စေရန် စီမံကိန်းအတွင်း အောက်ပါ နည်းလမ်းများကို ဆောင်ရွက် ထားရှိပါသည်။

- မော်တော်ယာဉ်များအား သတ်မှတ်အမြန်နှုန်းဖြင့်သာ မောင်းနှင်စေခြင်းနှင့် သတ်မှတ် ဝန်ထက်ကျော်လွန်၍ သယ်ဆောင်မှုများမရှိစေရေး ဆောင်ရွက်ခြင်း။
- စက်ယန္တရား၊ မော်တော်ယာဉ်များအား ဆူညံသံနှင့် တုန်ခါမှုမရှိစေရေး စီမံဆောင်ရွက်ခြင်း။

ဤစီမံကိန်းအနေဖြင့် တုန်ခါမှုကြောင့် ထိခိုက်မှုကိုလျော့ချနိုင်ရန် အနီးပတ်ဝန်းကျင်ရှိ ဒေသခံလူထုတို့အား မိုင်းဖောက်ခွဲထုတ်လုပ်ချိန်ကိုအသိပေးခြင်း၊ ကန့်သတ်ဧရိယာများထားရှိခြင်းတို့ ဆောင်ရွက်ထားရှိပါသည်။

၂.၅. ရေထုအရည်အသွေး

ရေထုအရည်အသွေးတိုင်းတာရခြင်း၏ ရည်ရွယ်ချက်မှာ Max Myanmar Manufacturing Co., Ltd ၏ ထုံးကျောက်ထုတ်လုပ်ရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ဖုန်မှုန့်များနှင့် မိမိပတ်ဝန်းကျင် ရေထုအား သက်ရောက်မှုရှိမရှိ သိရှိစေနိုင်ရန်အတွက် တိုင်းတာရခြင်းဖြစ်ပါသည်။

၂.၅.၁. ရေအရည်အသွေးတိုင်းတာမှုနည်းစနစ်

ရေနမူနာကောက်ယူခြင်း လုပ်ငန်းစဉ်ကို ၁၈ ရက်၊ မေလ၊ ၂၀၂၃ ခုနှစ် တွင်ပြုလုပ်ခဲ့ပါသည်။ Mine Site ဧရိယာအနီးအနားရှိ ရေပူချောင်းမှထွက်ရှိသော မြေပေါ်ရေအား နမူနာကောက်ယူခဲ့ပါသည်။ ရေနမူနာ ကောက်ယူခဲ့သည့် ဇယား ၂-၁၁၊ တည်နေရာပြမြေပုံ ပုံ ၂-၂၃ နှင့် ကောက်ယူနေသည့်ပုံများအား ပုံ ၂-၂၄ တွင် ဖော်ပြထားပါသည်။ စက်ရုံရေအမျိုးအစား ကောက်ယူရရှိမှုများအား သတ်မှတ်စံချိန်စံနှုန်းများဖြင့် နှိုင်းယှဉ်နိုင်ရန် Alarm Myanmar Ecological Laboratory ဓာတ်ခွဲခန်းသို့ ပို့ဆောင်၍ ရေအရည်အသွေးကို စစ်ဆေးခဲ့ပါသည်။

ဇယား ၂-၁၁ ရေနမူနာကောက်ယူခဲ့သည့်နေရာ

စဉ်	နာမည်	တည်နေရာ	တိုင်းတာသည့်နေရက်
၁။	စီမံကိန်းဧရိယာ အနီး	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၁ မိနစ် ၁၁.၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၅.၆၅ စက္ကန့်	မေလ ၁၈ ရက် ရက်၊၂၀၂၃ ခုနှစ်။



ပုံ ၂-၂၃ ရေနမူနာတိုင်းတာခဲ့သည့်နေရာ




ပုံ ၂-၂၄ ရေပူချောင်းတွင်ရေနမူနာကောက်ယူနေပုံများ

၂.၅.၂. ရေအရည်အသွေးတိုင်းတာမှုရလဒ်များ

